SPPR
SOCIAL POLICY AND POVERTY RESEARCH GROUP

LIFT

# တုံ့ပြန်မှုစွမ်းအားကောင်းသောကျေးရွာများ

SOCIAL POLICY
& POVERTY RESEARCH GROUP
Volume 1, Number 13
October 2016

**နိဒါန်း -** အဆင်းရဲဆုံးနိုင်ငံဟူသည့် အနေအထားမှ လွတ်မြောက်စေရန် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုကို တည်ဆောက်ရန် အရေးကြီးပါသည်။ တုံ့ပြန်နိုင်စွမ်းအားကောင်းသော ကျေးရွာများအနေဖြင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချ၍ ရေရှည်တည်တံ့မှု ရှိသော ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ အခြေအနေအရ တုံ့ပြန်နိုင်စွမ်းအား ကောင်းရေးမှာ ဘာကိုဆိုလိုသလဲ ဆိုသည်ကို နားလည်ရန်လိုအပ်ပြီး ၎င်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်လျှော့ချရေး တို့၏ ဆက်စပ်မှုကို သိရှိ နားလည်၍ ဖော်ထုတ်ပေးရန် လိုအပ်ပါသည်။

ယခုမျက်မှောက်ခေတ်ကာလတွင် မြန်မာနိုင်ငံမှာရှိသောရပ်ရွာ (သို့ ရပ်ကွက်များ) ရင်ဆိုင်နေသော စိန်ခေါ်ချက် အမျိုးမျိုးရှိပါသည်။ ထိုစိန်ခေါ်ချက်များမှာ စီးပွားရေးဆိုင်ရာအခက်အခဲများ၊ ရာသီဥတုနှင့် သက်ဆိုင်သော အခက်အခဲများ၊ လူမှုရေးဆိုင်ရာအခက်အခဲများ တို့ကို မကြုံ့မတွေ့ရသော လူအသိုင်းအဝိုင်းမရှိပါ။ Globalization ဟုသည့် ကမ္ဘာတဝန်းရှိသည့်နိုင်ငံတိုင်းပို၍ လွတ်လပ်စွာထိတွေ့ ဆက်ဆံသည့် အချိန်ကာလ၌ ကမ္ဘာဈေးကွက်နှုန်းထားအရ အသက်မွေးဝမ်းကြောင်းထိခိုက်ခြင်း၊ ဝင်ငွေရှာဖွေရန် အလုပ်အကိုင် အခွင့်အလမ်းကို ရရှိစေနိုင်ရန် နေရာပြောင်းရွှေ့ခြင်း၊ ခေတ်အလိုက် အသစ်ပေါ်လာသော အလုပ်အကိုင် အခွင့်အလမ်းများ နှင့် အလုပ်အကိုင်အခွင့်အလမ်း ပျောက်ဆုံးခြင်းတို့ စသည့် စီးပွာရေးဆိုင်ရာစိန်ခေါ်ချက်များ ရှိသည့်အပြင် ၎င်းသောစီပွာရေးအခက်အခဲများကိုထိခိုက်သော ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှု တို့ရှိပါသည်။ ၎င်းသောစိန်ခေါ်ချက်များနှင့် ဆက်စပ်သော လူမှုရေးဆိုင်ရာအခက်အခဲများမှာ ယဉ်ကျေးမှုများ ပြောင်းလဲခြင်း၊ ဘာသာရေး၊ လူမျိုး၊ လူမှုရေးဆိုင်ရာ ပဋိပက္ခဖြစ်ခြင်း၊ သက်ကြီးရွယ်အိုသူဦးရေများလာခြင်း တို့စသည့် လူမှုရေးဆိုင်ရာ အခက်အခဲများရှိပါသည်။ ထိုစိန်ခေါ်ချက်အမျိုးမျိုးရှိသည့်အခြေအနေတွင် အိမ်ထောင်စုအဆင့်၊ ကျေးရွာအဆင့် ဒေသအဆင့်မှာ ခိုင်မြဲစွာရပ်တည်မှုရှိရှိလူမှုဘဝတည်ဆောက် ထိန်းသိမ်းနိုင်စေရန် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုသည်အရေးကြီးသော သဘောတရားတရပ်ဖြစ်ပါသည်။ ချုံ့ငုံပြောရမည်ဆိုလျှင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုသည် **အရေးကြီးသည်ဟုဖော်ပြနေသောအကြောင်းအရာများမှာ-**

- **လူမှုစီပွါးရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးထိခိုက်နိုင်သောအန္တရာယ်နှင့်စွန့်စားချက်များစွာရှိပါသည်။** (စီးပွားရေး အခက်အခဲများကို ထိခိုက်သော ရာသီဥတုဖောက်ပြန်မှု၊ ကူးစက်ရောဂါဖြစ်ပွားမှု)
- ၎င်းသောစိန်ခေါ်ချက်များသည်လည်း အလျဉ်မပြတ်ပြောင်းလဲနေပါသည်။
- စိန်ခေါ်ချက်များကိုလျော့ပါးစေသောအရာများ၊ဖြစ်ပွားစေသောအရာများတို့သည်လည်း ယခုနောက်ပိုင်းပိုမို၍ အစိတ်အပိုင်းများစွာ ဆက်စပ်ပါဝင်သော ပုံစံများဖြင့်ရှိပါသည်။

**"လူမှုစီပွားရေး၊ နိုင်ငံရေး နှင့် လူအဖွဲ့အစည်းနှင့်လူပတ်ဝန်းကျင်များတို့သည်သဘာဝပတ်ဝန်းကျင်ဆိုင်သော ပြောင်းလဲမှု အကြောင်းကြောင့် ဖြစ်ပေါ်လာသောဖိအားမှုနှင့် အနှောင့်အယှက်များအား နိုင်နိုင်နင်းနင်းဖြင့် ခံနိုင်ရည်ရှိစွာရပ်တည်နိုင်မှုသည် တုံ့ပြန်နိုင်စွမ်းအား ကောင်းမှုဟုခေါ်ဂေါ်ပါသည်။ "** (Adger 2007)

တုံ့ပြန်နိုင်စွမ်းအားကောင်းခြင်းဟူသည့် သဘောတရားတွင် အရည်အချင်း (၃) ပိုင်း ပါဝင်ပါသည်။

**၁ - ခိုင်ခံ့မှုရှိခြင်း** - အန္တရာယ်၊ စွန့်စားမှုတို့ကို ရင်ဆိုင်သောအခါတွင် မပြိုမလဲ ခိုင်ခံ့စွာရပ်တည်နိုင်သည့် စွမ်းရည်

**၂- တုံ့ပြန်နိုင်စွမ်းရှိခြင်း-** အန္တရာယ်၊ စွန့်စားမှုတို့ကိုရင်ဆိုင်သောအခါတွင် ဆုံးရှုံးမှုများစွာ ခံစားရသော်လည်း ပြန်လည် ထူထောင်နိုင်သည့် စွမ်းရည်

**၃ - အလိုက်သင့်ပြောင်းလဲနိုင်သည့်စွမ်းဆောင်ရည်** - အန္တရာယ်နှင့်စွန့်စားမှုများ ရင်ဆိုင်ရန် (သို့) ရင်ဆိုင်ရပြီးနောက် ၎င်းတို့မှ သင်ခန်းစာယူပြီး အမူအကျင့်များ ပြောင်းလဲနိုင်သည့်စွမ်းရည် - ထိုမှတဆင့် အနာဂတ်တွင် မားမားမတ်မတ် ရပ်တည်တုံ့ပြန်နိုင်သည့် စွမ်းရည်များ တိုးတက်လာခြင်း

**အမျိုးမျိုးသောဖိအားပေါ်ပေါက်လာမှုကိုနိုင်နိုင်နင်းနင်းဆောင်ရွက်နိုင်ခြင်း၊ ထိုဖိအားများဖြစ်ပေါ်ပြီး နောက်ပိုင်းတွင် ပုံမှန်အခြေအနေကို ပြန်ရောက်စေနိုင်ခြင်း ၊ အနာဂတ်မှာဖြစ်ပွားသောဖိအားများကို ပိုမိုထိ ရောက်စွာဖြေရှင်းနိုင်ခြင်း နှင့် ဖိအားဖြစ်စေသော အရေးကိစ္စ၏ ကြောင်းတရားကိုဖြေရှင်းနိုင်ခြင်း ဟူသည့် စွမ်းဆောင်မှုများရှိလျှင်** တုံ့ပြန်နိုင်စွမ်းအားကောင်းမွန်သော သွင်ပြင်လက္ခဏာဟုသတ်မှတ်နိုင်ပါသည်။

**ထိုစွမ်းဆောင်ရေအားဖြင့်တုံ့ပြန်နိုင်စွမ်းအားကောင်းမှုကိုတည်ဆောက်ရန် လူတစ်ယောက်၏စွမ်းဆောင်ရေနှင့် စိတ်ဆန္ဒလိုအပ်ပါသည်။ သို့ရာတွင် ထိုစွမ်းဆောင်မှုကိုလုပ်ဆောင်နိုင်ရန် အထောက်အကူပြုနေသော ပတ်ဝန်းကျင်လိုအပ်ပါသည်။**

*strengthening capacity x enabling environment = adaptation and empowerment = resilience*

အိမ်ထောင်စုများ၏ တုံ့ပြန်နိုင်စွမ်းအားကောင်းမှုကို မည်ကဲ့သို့တိုင်းတာမည်နည်း။ တိုင်းတာနိုင်စေရန် တုံ့ပြန်နိုင်စွမ်းရည် တည်ဆောက်ပေးသည့် အချက်များနှင့် တိုက်ရိုက်ဆက်စပ်ဆက်မှုမရှိသည့် အချက်များ (stochastic variable) အသုံးပြုရန် လိုအပ်ပါသည်။ ထိုကြောင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသည့်အိမ်ထောင်စုများတွင် တွေ့ရှိသော ပြုမှုပုံ၊ တုံ့ပြန်နိုင်စွမ်းအား ကောင်းမှုမရှိသည့် အိမ်ထောင်စုများတွင် တွေ့ရှိသောပြုမှုပုံတို့ကို လေ့လာပြီး ပိုင်းခြားနိုင်စေရန်အချက်များကို ဖော်ထုတ် ပါမည်။ တုံ့ပြန်နိုင်စွမ်းအားကောင်းမှုရှိသည့် အိမ်ထောင်စုများတွင် လူမှုစီးပွားရေးအခြေအနေကို တည်ဆောက်ပေးသည့် အပြုအမူများ (investive behaviour) (အသက်မွေးဝမ်းကျောင်းအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ ငွေကြေးစုဆောင်းခြင်း) ကို ပိုမိုတွေ့ရှိနိုင်ပါသည်။ သို့ရာတွင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှု မရှိသည့် အိမ်ထောင်စုများတွင် အိမ်ထောင်စု လူမှုစီးပွားရေး အခြေအနေကို ထိခိုက်သည့် အပြုအမူများ (erosive behaviour) (စားနပ်ရိက္ခာဖူလုံရေး၊ လူမှုကာကွယ် စောင့်ရှောက်ရေး အတွက် အတိုးငွေများစွာဖြင့် အကြွေးတင်ခြင်း) ကို ပိုမို တွေ့ရှိနိုင်ပါသည်။ လူမှုစီးပွားရေး အခြေအနေကို တည်ဆောက် ပေးသည့် အပြုအမူများနှင့် ကိုက်ညီသည့်အပြုအမူများတို့ကို တိုင်းတာခြင်းအားဖြင့် အိမ်ထောင်စု၏ တုံ့ပြန်နိုင်စွမ်းအား ကောင်းမှုအခြေအနေကို ဖော်ပြနိုင်ပါသည်။ ဤနည်းလမ်းဖြင့် တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေ ကောင်းသည့် အိမ်ထောင်စုများသည် အမှတ် (၀) ထက် များပါသည်။

တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေမကောင်းသည့်အိမ်ထောင်စုများသည် အမှတ် (၀) ထက် နည်းပါးသည်ဟု တွေ့ရှိရသည်။ ဤစာတမ်းသည် ၂၀၁၅-၂၀၁၆ တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာ (တိုင်း၊ ပြည်နယ်အားလုံး အပါအဝင်) ကျေးရွာများတွင် အိမ်ထောင်စု ၃၀,၀၀၀ မှ ကောက်ယူရရှိခဲ့သော အချက်အလက်များကို လေ့လာခြင်းအားဖြင့် အောက်ဖော်ပြပါ ကောက်ချက်များကို ဖော်ထုတ်ရန်ဖြစ်ပါသည်။
ထိုနည်းလမ်းအရ ကျေးရွာများတွင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေမကောင်းသည့် အိမ်ထောင်စုများသည် ၁၉.၂၅% ဖြစ်ပါသည်။


| တိုင်း၊ပြည်နယ် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေမကောင်းသည့်အိမ်ထောင်စုများ | |
|---|---|
| တိုင်း၊ပြည်နယ် | တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေအားနည်းသည့်အိမ်ထောင်စုများ % |
| နေပြည်တော် | ၂၀.၆% |
| ကချင် | ၁၆.၁% |
| ကယား | ၈.၃% |
| ကရင် | ၂၁.၉% |
| ချင်း | ၂၀.၃% |
| စစ်ကိုင်း | ၁၉.၅% |
| တနင်္သာရီ | ၂၃.၉% |
| ပဲခူး | ၁၆.၂% |
| မကွေး | ၁၇.၂% |
| မန္တလေး | ၁၈.၃% |
| မွန် | ၁၅.၆% |
| ရခိုင် | ၂၁.၃% |
| ရန်ကုန် | ၂၃.၇% |
| ရှမ်းတောင် | ၁၈.၇% |
| ရှမ်းမြောက် | ၂၂.၁% |
| ရှမ်းအရှေ့ | ၁၇.၇% |
| ဧရာဝတီ | ၂၀.၁% |
| ပြည်ထောင်စု | ၁၉.၃% |

ကျေးလက်ဒေသများရှိ တုံ့ပြန်နိုင်စွမ်းအားကောင်းမှုကို ဖော်ထုတ်ရန်တိုင်းတာမည်ဆိုပါက နိုင်ငံတော်အဆင့် (သို့) တိုင်းနှင့်ပြည်နယ်အဆင့်၊ ရပ်ရွာလူထုအဆင့် နှင့် အိမ်ထောင်စုအဆင့်အနေဖြင့် အဆင့် ၃ဆင့် သတ်မှတ်၍ တိုင်းတာနိုင်ပါသည်။

## ၁. နိုင်ငံတော် (သို့) တိုင်း၊ ပြည်နယ်အဆင့်

**၁.၁ ဆင်းရဲနွမ်းပါးမှု-** တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်းပိုများလျှင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေ ပိုမိုဆိုးဝါးသည်ကိုတွေ့ရှိရပါသည်။

၁.၁ ဆင်းရဲနွမ်းပါးမှုနှင့်တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ ဆက်စပ်မှု




တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ဆင်းရဲနွမ်းပါးမှု

မှတ်ချက်- ဆင်းရဲနွမ်းပါးမှုသည် UNDP IHLCA ရာခိုင်နှုန်းအရ ဖော်ပြပါသည်။

**၁.၂ မညီမျှမှုများဖြစ်ခြင်း** - ဝင်ငွေ၊ ပိုင်ဆိုင်မှု နှင့် အခြားလူမှုဘဝဆိုင်ရာမညီမျှမှုများသည် တိုင်းနှင့်ပြည်နယ်များတွင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေပိုမိုဆိုးသည်ကိုတွေ့ရှိရပါသည်။


**၁.၂ မညီမျှမှုနှင့်တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ ဆက်စပ်မှု**

| တိုင်း၊ပြည်နယ် | မညီမျှမှုအဆင့် (များလျှင်မညီမျှမှုပိုများပါသည်) | တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ (ပျမ်းမျှ) |
|---|---|---|
| နေပြည်တော် | 17 | 2.90 |
| ကချင် | 2 | 2.02 |
| ကယား | 14 | 2.21 |
| ကရင် | 3 | 1.93 |
| ချင်း | 1 | 1.93 |
| စစ်ကိုင်း | 11 | 2.31 |
| တနင်္သာရီ | 10 | 1.78 |
| ပဲခူး | 10 | 2.02 |
| မကွေး | 12 | 2.09 |
| မန္တလေး | 16 | 1.81 |
| မွန် | 5 | 1.97 |
| ရခိုင် | 4 | 2.04 |
| ရန်ကုန် | 6 | 2.03 |
| ရှမ်းတောင် | 15 | 1.81 |
| ရှမ်းမြောက် | 13 | 1.94 |
| ရှမ်းအရှေ့ | 8 | 2.29 |
| ဧရာဝတီ | 8 | 1.76 |

မှတ်ချက် - မညီမျှမှုအဆင့်ကိုတိုင်းတာရန် တိုင်းနှင့်ပြည်နယ်အလိုက် အဆင်းရဲဆုံး ၂၀% နှင့် အချမ်းသာဆုံး ၂၀% ပိုင်ဆိုင်မှုနှင့် ဝင်ငွေပမာဏတို့မှာကွာဟခြင်းကို ranking ပြုပါသည်။

**၁.၃ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု-** ယေဘူယျအားဖြင့်ဝေးလံသောကျေးရွာများတွင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေပိုအားနည်းလေ့ရှိသော်လည်း မြို့နှင့်အနီးကပ်ဆုံးကျေးရွာများတွင်ပါ တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေပိုအားနည်းသည်ကိုလည်း တွေ့ရှိရပါသည်။

၁.၃ ဝေးလံခြင်းနှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ ဆက်စပ်မှု




ဝေးလံမှုအတိုင်းအတာ (အကွာအဝေး၊ သွားလာရန်အချိန်ကုန်ခြင်း၊ သွားလာရန် ငွေကြေးကုန်ကျခြင်း)

**၁.၄ ပြည်သူ့ရေးရာဝန်ဆောင်မှုရရှိနိုင်ခြင်း** -လျှပ်စစ်မီး (မည်သည့်အမျိုးအစားဖြစ်စေ) ရှိသည့်ကျေးရွာများတွင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေပိုအားကောင်းပါသည်။ သို့ရာတွင် ပညာရေးနှင့်ကျန်းမာရေးဝန်ဆောင်မှုများ ရရှိခြင်းတို့မှာမူ တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေနှင့် သိသိသာ ဆက်စပ်နေကြောင်း မတွေ့ရှိရပေ။

**၁.၅ အသက်မွေးမှုလုပ်ငန်းများအတွက် ချေးငွေရရှိနိုင်ခြင်း** - ပျမ်းမျှအားဖြင့်ကျေးရွာတွင် ချေးငွေပေးသည့် အစီအစဉ် ပိုများလျှင် အိမ်ထောင်စုများ၏တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေပိုမိုကောင်းပါသည်။ သို့သော်လည်း ချေးငွေပေးသည့် အဖွဲ့အစည်းနှင့် သတ်မှတ်ချက်များ အပေါ်မူတည်၍သက်ရောက်မှုရှိပါသည်။ ဥပမာအားဖြင့် အစိုးရ၏ စိုက်ပျိုးရေး စရိတ်ချေးငွေနှင့် သမဝါယမချေးငွေတို့ ကျေးရွာမှာရှိလျှင် အိမ်ထောင်စုအားလုံး၏ ပျမ်းမျှတုံ့ပြန်နိုင်စွမ်းအား ကောင်းမှု အခြေအနေပိုမိုကောင်းလာသော်လည်း ဆင်းရဲသော အိမ်ထောင်စုများ၏ တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေအပေါ်၌ ဆက်နွယ်ခြင်း မရှိပါ။ သို့သော်လည်း မြစိမ်းရောင် ချေးငွေအစီအစဉ်သည် ခြုံငုံကြည့်လျှင် တုံ့ပြန်နိုင်စွမ်းအားပိုမိုကောင်းခြင်းနှင့် ဆက်စပ်နေပြီး နွမ်းပါးသည့် အိမ်ထောင်စုများ၏ တုံ့ပြန်နိုင်စွမ်းကောင်းသည့် အဆင့်များတွင် အပြုသဘောဆောင်သည့် ဆက်စပ်မှုများ ရှိနေသည်ကို တွေ့ရသည်။


**၁.၅ ချေးငွေပေးသည့်အစီအစဉ်နှင့်**တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ စပ်ဆက်မှု

| **ချေးငွေပေးသည့် အစီအစဉ်ရှိခြင်း** | အိမ်ထောင်စုအားလုံးအတွင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေနှင့် ဆက်စပ်မှု | ဆင်းရဲသောအိမ်ထောင်စုများတွင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေနှင့် ဆက်စပ်မှု |
|---|---|---|
| ငွေတိုးချေးစားသူ | - | - |
| အစိုးရမှစိုက်ပျိုးရေးစရိတ်ချေးငွေ | ++ | - |
| မြစိမ်းရောင်ချေးငွေ | - | +++ |
| သမဝါယမချေးငွေ | +++ | - |
| အစိုးရမဟုတ်သောအဖွဲ့အစည်း | - | - |

## ၂. ရပ်ရွာလူထုအဆင့်

**၂.၁ အုပ်ချုပ်မှုအခြေအနေ** - ကျေးရွာဖွံ့ဖြိုးရေးကော်မတီရှိသည့်ကျေးရွာများသည် ယေဘုယျအားဖြင့် တုံ့ပြန်နိုင်စွမ်းပိုမိုကောင်းမွန်ကြောင်း တွေ့ရပြီး ဖွံ့ဖြိုးရေးကော်မတီရှိသည့် ကျေးရွာများတွင် ၁၈.၆% နှင့် မရှိသည့် ကျေးရွာများတွင် ၂၀% ဖြင့် တုံ့ပြန်နိုင်စွမ်း နည်းပါးကြောင်း တွေ့ရသည်။ ထို့အပြင် ရွာအစည်းအဝေးများ၌ ရွာသူရွာသားများပါဝင်မှုအားကောင်းသည့် ကျေးရွာများတွင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေ ပိုမိုကောင်းသည်ဟု တွေ့ရှိရပါသည်။

၂.၁ ကျေးရွာအစည်းအဝေးများတွင်ပါဝင်မှုနှင့်တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ ဆက်စပ်မှု




ကျေးရွာအစည်းအဝေးများတွင်ပါဝင်မှုအတိုင်းအတာ (ပါဝင်မှုရှိသည့်ရွာသားများရာခိုင်နှုန်း)

**၂.၂ အခြေခံအဆောက်အဦး** - ကျေးရွာတွင် စာသင်ကျောင်း၊ ဆေးခန်း နှင့် အခြားသောအခြေခံ အဆောက်အဦးများ ရှိလျှင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေအပေါ်၌ ထူးခြားသော သက်ရောက်မှုမရှိပါ။ သို့ရာတွင် ရွာတွင်ရေရရှိရေးအစီအစဉ် (တွင်း၊ ကန် စသည်ဖြင့်) ရှိလျှင် ဆင်းရဲသောအိမ်ထောင်စုများ၏ တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေပိုမိုကောင်းပါသည်ဟု တွေ့ရှိရပါသည်။


**၂.၃ ကျေးရွာလူမှုရေးအဖွဲ့အစည်းများ** - ကျေးရွာတွင် ကိုယ်ထူကိုယ်ထ ရပ်ရွာအဖွဲ့အစည်းများရှိလျှင် တုံ့ပြန်နိုင်စွမ်း အားကောင်းမှုအခြေအနေ ပိုမိုကောင်းပါသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ရေဘေးခံစားရသော ကျေးရွာများတွင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေအပေါ်၌ အရေးကြီးဆုံးအချက်က ကျေးရွာလူမှုရေးအဖွဲ့အစည်းရှိခြင်း ဖြစ်ပါသည်။

| ၂.၃ ကျေးရွာလူမှုရေးအဖွဲ့အစည်းများနှင့်တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ ဆက်စပ်မှု | | |
|---|---|---|
| | လူမှုရေးအဖွဲ့အစည်း ရှိသည့် ကျေးရွာ | လူမှုရေးအဖွဲ့အစည်း မရှိသည့် ကျေးရွာ |
| အိမ်ထောင်စုတုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ (ပျမ်းမျှ) | ၂.၁ | ၁.၉၈ |
| တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအားနည်းသောအိမ်ထောင်စု (ရာခိုင်နှုန်း) | ၁၈.၅% | ၂၀% |
| ဆင်းရဲသောအိမ်ထောင်စုများတွင်တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ (ပျမ်းမျှ) | ၁.၉၁ | ၁.၈၁ |
| ဆင်းရဲသောအိမ်ထောင်စုများတွင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအားနည်းသောအိမ်ထောင်စု (ရာခိုင်နှုန်း) | ၂၂% | ၂၄% |

## ၃. အိမ်ထောင်စုအဆင့်

**၃.၁ ဝင်ငွေ -** ပျမ်းမျှအားဖြင့်အိမ်ထောင်စုဝင်ငွေပိုများလျှင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ ပိုမိုကောင်းလာ ပါသည်။ သို့သော်လည်း အိမ်ထောင်စုဝင်ငွေနှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ ဆက်စပ်မှုပိုမိုအားကောင်းသည့် ဝင်ငွေပမာဏမှာ နှစ်စဉ်ဝင်ငွေ ကျပ် သိန်း ၂၀ မှ ၄၀ အကြားဖြစ်ပါသည်။ ထိုဝင်ငွေပမာဏတွင် ဝင်ငွေတိုးတက်မှုနှင့် သက်ဆိုင်သော တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေတိုးတက်မှု ပိုမိုအားကောင်းပါသည်။ ထိုပမာဏတွင် နှစ်စဉ်ဝင်ငွေ ကျပ် ၈၀,၀၀၀တိုးတက်လျှင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ တစ်မှတ် တိုးတက်လာပါသည်။

၃.၁ အိမ်ထောင်စုဝင်ငွေနှင့်တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ ဆက်စပ်မှု





နှစ်စဉ်ဝင်ငွေ (ကျပ်)

မှတ်ချက် - နှစ်စဉ်ဝင်ငွေသည် အိမ်ထောင်စုတစ်စု သည်လွန်ခဲ့သောနှစ်တွင် ရရှိသည့်သင်ငွေ

**၃.၂ အသက်မွေးဝမ်းကျောင်းမှု အမျိုးမျိုး -** ဝင်ငွေရရှိရေးနည်းလမ်းများ (diversity) နှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေ တိုက်ရိုက်ဆက်စပ်မှုမရှိပါ။ သို့သော်လည်း စိုက်ပျိုးရေးနည်းလမ်းတိုးပွားခြင်းနှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေအကြား ဆက်စပ်မှုမှာ အားကောင်းကြောင်း တွေ့ရှိရပါသည်။ (ပုံ ၃.၂ ကို ကြည့်ပါ)

၃.၂ ဝင်ငွေရရှိရေးနည်းလမ်းများ (diversity) နှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ ဆက်စပ်မှု




စိုက်ပျိုးရေးနည်းလမ်းတိုးပွါးခြင်းပမာဏ

မှတ်ချက် - စိုက်ပျိုးရေး နည်းလမ်း တိုးပွါးခြင်း ပမာဏသည် စိုက်ပျိုးရေးအဓိက လုပ်ဆောင်သော အိမ်ထောင်စုများ စိုက်ပျိုးသည် အသီးအနှံအမျိုးအစား


ထို့ပြင် စိုက်ပျိုးရေးမှဝင်ငွေရရှိမှုမရှိသည့်အိမ်ထောင်စုများတွင် ဝင်ငွေရရှိရေးနည်းလမ်းများလျှင် (diversity) တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေ ပိုမိုကောင်းပါသည်။

**၃.၃. ထိခိုက်လွယ်မှု (၁)** - အမျိုးသမီးအိမ်ထောင်ဦးစီးဖြစ်သောအိမ်ထောင်စုများနှင့် မသန်စွမ်းတစ်ဦးနှင့် အထက် ပါဝင်သည့်အိမ်ထောင်စုများ၏ တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေမှာ ပိုမိုနည်းပါးသည်ဟု တွေ့ရှိရပါသည်။

| **၃.၃ ထိခိုက်လွယ်မှု နှင့်တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ စပ်ဆက်မှု** | | |
|---|---|---|
| **အိမ်ထောင်စုအမျိုးအစား** | အိမ်ထောင်စုတုံ့ပြန်နိုင်စွမ်း အားကောင်းမှုအခြေအနေ (ပျမ်းမျှ) | တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အားနည်းသောအိမ်ထောင်စု (ရာခိုင်နှုန်း) |
| အမျိုးသားအိမ်ထောင်ဦးစီး | ၂.၀၆ | ၁၈.၇၅% |
| အမျိုးသမီးအိမ်ထောင်ဦးစီး | ၁.၈၆ | ၂၃.၂% |
| မသန်စွမ်းသောသူမရှိသည့် အိမ်ထောင်စု | ၂.၀၅ | ၁၉% |
| မသန်စွမ်းသူရှိသည့် အိမ်ထောင်စု | ၁.၈၆ | ၂၂.၃% |

**၃.၄ ထိခိုက်လွယ်မှု (၂)** ထိခိုက်လွယ်မှုနှင့်တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေစပ်ဆက်မှုပုံစံဖြင့် ထိခိုက်လွယ်မှုကို တိုင်းတာလျှင် ထိခိုက်လွယ်မှုအခြေအနေပိုမိုဆိုးသော အိမ်ထောင်စုများသည် အိမ်ထောင်စုတုံ့ပြန်နိုင်စွမ်း အားကောင်းမှု အခြေအနေပိုမိုအားနည်းပါသည်။

၃.၄ ထိခိုက်လွယ်မှု နှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ စပ်ဆက်မှု




ထိခိုက်လွယ်မှုအခြေအနေ

မှတ်ချက် - ထိခိုက်လွယ်မှုကို ထီးပုံစံဖြင့် တိုင်းတာပါသည်။ အမှတ်များစွာရှိသည့် အိမ်ထောင်စုမျိုးသည် ပိုမိုထိခိုက်လွယ်သော အိမ်ထောင်စုအနေဖြင့် သတ်မှတ်ပါသည်။

ထိခိုက်လွယ်သောအိမ်ထောင်စုများတွင် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ ပိုမိုအားနည်းသည်အိမ်ထောင်စု ၂၂.၆% ဖြစ်သော်လည်း အခြားသော အိမ်ထောင်စုများတွင် ၁၈% သာဖြစ်ပါသည်။

**၃.၅ စားနပ်ရိက္ခာဖူလုံရေး** - စားနပ်ရိက္ခာဖူလုံရေး နှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ ဆက်စပ်မှု ရှိပါသည်။ သို့သော်လည်း စားနပ်ရိက္ခာဖူလုံရေးအခက်အခဲရှိသောကြောင့် တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အခြေအနေ လျော့ကျ စေသလား၊ သို့မဟုတ် တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ မကောင်းသောကြောင့် စားနပ်ရိက္ခာဖူလုံရေး အခက်အခဲဖြစ်ပွါးစေသလားဆိုသည့် အကြောင်းအရာကိုဖော်ပြရန် ခက်ခဲသော်လည်း ထိုအခြေအနေနှစ်ခုအကြား ဆက်စပ်မှု ရှိသည်ကို တွေ့ရှိရပါသည်။

| **၃.၅ စားနပ်ရိက္ခာဖူလုံရေး နှင့်တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ ဆက်စပ်မှု** | | |
|---|---|---|
| | **စားနပ်ရိက္ခာဖူလုံရေးအခက်အခဲ မရှိသည့်အိမ်ထောင်စုများ** | **စားနပ်ရိက္ခာဖူလုံရေးအခက်အခဲရှိသည့် အိမ်ထောင်စုများ** |
| အိမ်ထောင်စုတုံ့ပြန်နိုင်စွမ်း အားကောင်းမှုအခြေအနေ (ပျမ်းမျှ) | ၂.၀၅ | ၁.၄၉ |
| တုံ့ပြန်နိုင်စွမ်းအားကောင်းမှု အားနည်းသော အိမ်ထောင်စု (ရာခိုင်နှုန်း) | ၁၆% | ၃၀% |

**အဓိကကောက်ချက်နှင့်အကြံပြုချက်များ -**

တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေတိုးတက်စေရန် -

၁။ မညီမျှမှုများကိုကျဉ်းမြောင်းစေရန် ဆင်းရဲနွမ်းပါမှုလျှော့ချခြင်းကို ဦးတည်သည့် မူဝါဒများ **(pro-poor policy)** ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၂။ ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုများအတွက် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုကို ဆောင်ရွက်နိုင်စေမည့် သင့်လျော်သောချေးငွေအစီအစဉ်ကိုဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

၃။ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များကိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်သော ရပ်ရွာလူမှုရေးအဖွဲ့အစည်းများ ကျေးရွာတိုင်းတွင်ရှိစေရန်ဆောင်ရွက်ရန်လိုအပ်ပါသည်။

၄။ ဝင်ငွေ ပမာဏအဆင့်နှင့် အညီ ဝင်ငွေတိုးပွါးခြင်း၊ အသက်မွေးဝမ်းကျောင်းအစီအစဉ်ဆောင်ရွက်ပေးခြင်း၊ လူမှုဖူလုံရေးအစီအစဉ်ဆောင်ရွက်ပေးခြင်းတို့ကို ဦးတည်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

၅။ ထိခိုက်လွယ်သော အိမ်ထောင်စုများအား (အထူးသဖြင့် အမျိုးသမီးအိမ်ထောင်ဦးစီးဖြစ်သောအိမ်ထောင်စု များနှင့် မသန်စွမ်းတစ်ဦးနှင့်အထက်ပါဝင်သည့်အိမ်ထောင်စုများ) ၎င်းတို့၏ တုံ့ပြန်နိုင်စွမ်းအားကောင်းမှုအခြေအနေ ပိုမိုအားကောင်းလာအောင် စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

**DISCLAIMER**

This document is supported with financial assistance from Australia, Denmark, the European Union, France, Ireland, Italy, Luxembourg, the Netherlands, New Zealand, Sweden, Switzerland, the United Kingdom, the United States of America, and the Mitsubishi Corporation. The views expressed herein are not to be taken to reflect the official opinion of any of the LIFT donors.